“အလ္လာဟ်အရှင်မြတ်သည်

ရှေးဦးလူသားများနှင့်နောက်ဆုံးလူသားများအားလုံးကိုကိယာမသ်နေ့တွင် စုရုံးတော်မူသောအခါ၊

သစ္စာဖောက်သူတိုင်းအတွက် အလံတစ်ခုကို

စိုက်ထူထားခြင်းခံရမည်။ ထို့နောက် ‘ဤသည်

မည်သူမည်ဝါ၏သား မည်သူမည်ဝါ၏ သစ္စာဖောက်မှုဖြစ်သည်’ဟုကြွေးကြော်ခြင်းခံရမည်။”

အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
“အလ္လာဟ်အရှင်မြတ်သည် ရှေးဦးလူသားများနှင့်နောက်ဆုံးလူသားများအားလုံးကို
ကိယာမသ်နေ့တွင် စုရုံးတော်မူသောအခါ၊ သစ္စာဖောက်သူတိုင်းအတွက် အလံတစ်ခုကို
စိုက်ထူထားခြင်းခံရမည်။ ထို့နောက် ‘ဤသည် မည်သူမည်ဝါ၏သား မည်သူမည်ဝါ၏သစ္စာဖောက်မှုဖြစ်သည်’ဟု ကြွေးကြော်ခြင်းခံရမည်။” [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ- အလ္လာဟ်အရှင်မြတ် သည် ရှေးဦးလူသားများနှင့်နောက်ဆုံးလူသားများအားလုံးကို စစ်ဆေးမေးမြန်းရန်အတွက် ကိယာမသ်နေ့တွင် စုရုံးတော်မူသည့်အခါ၊ အလ္လာဟ်အရှင်မြတ်နှင့်ဖြစ်စေ၊လူသားများနှင့်ဖြစ်စေ ကတိပြုထားသော ပဋိညာဉ်ကို သစ္စာမစောင့်သော (သစ္စာဖောက်)သူတိုင်းအတွက် ထိုသူ၏သစ္စာဖောက်မှုကို အရှက်ရစေရန် အမှတ်အသားတစ်ခုကိုစိုက်ထူတော်မူမည်။ ထိုနေ့တွင် ၎င်းသည် ဤသို့ ကြွေးကြော်ခြင်းခံရမည်- ဤသည်မည်သူမည်ဝါ၏သား မည်သူမည်ဝါ၏ သစ္စာဖောက်မှုဖြစ်သည်။ (ဤသို့ပြုလုပ်ရခြင်းမှာ) ဟရှရ်ကွင်းပြင်၌ စုရုံးနေသောလူသားများထံတွင် ထိုသူ၏ ဆိုးညစ်သောလုပ်ရပ်ကိုထင်ရှားစေရန်အတွက်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/2936